# NEWSLETTER

MYANMAR GARMENT MANUFACTURERS ASSOCIATION

MGMA NEWSLETTER April 2019


NEWS

## MGMA's New Members Orientation





မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း (MGMA) သည် အသစ်ဝင်ရောက်လာသော အသင်းဝင်သစ်များ အား အသင်း၏ နောက်ခံသမိုင်းကြောင်း၊ လက်ရှိဆောင်ရွက်နေမှုများနှင့် အသင်းမှပေးနေသော ဝန်ဆောင်မှုများကို မိတ်ဆက်တင်ပြရန်အပြင် အသင်းဝင်အချင်းချင်း ဆက်သွယ်ချိတ်ဆက်မှုရှိစေရန် ရည်ရွယ်၍ MGMA's New Members Orientation အခမ်းအနား ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် UMFCCI ၌ကျင်းပပြုလုပ်ခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်း ဝင်ရောက်လာခဲ့သည့် အသင်းဝင်သစ်များကို ဖိတ်ကြား၍ MGMA ၏ အကြောင်း၊ လက်ရှိ ဆောင်ရွက်လျှက်ရှိသော လုပ်ငန်းများအကြောင်း နှင့် ဝန်ဆောင်မှုများအကြောင်း ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။ အသင်းဝင်သစ် စက်ရုံပေါင်း ၂၁ ရုံမှ လုပ်ငန်းရှင်နှင့် လုပ်ငန်းရှင်ကိုယ်စားလှယ်များ စုစုပေါင်း ၃၁ ဦး တက်ရောက် ခဲ့သည်။ MGMA မှ ဒုတိယဥက္ကဋ္ဌ ၂ ဦးဖြစ်သည့် ဒေါက်တာအောင်ဝင်း နှင့် ဦးကျော်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း မှ အဖွင့်အမှာစကား ပြောရာတွင် MGMA အသင်း စတင်ဖြစ်ပေါ် လာပုံနှင့် နောက်ခံအကြောင်းအရာတချို့ကို ထည့်သွင်းပြောကြားခဲ့သည်။ ယင်းနောက် MGMA ၏ မန်နေဂျင်း ဒါရိုက်တာ ဒေါ်အေးမိရှိန် က MGMA Office ၏ ဖွဲ့စည်းပုံ၊ ဌာန အသီးသီး၏ လုပ်ငန်းတာဝန်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဝန်ဆောင်မှုများ၊ အလုပ် အမှုဆောင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းအင်အား စသည်တို့ကို မိတ်ဆက်ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ MGMA မှ ပေးလျှက်ရှိသော ဝန်ဆောင်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီး ရှင်းလင်းမိတ်ဆက်တင်ပြခဲ့ကြသည်။





## Advisory Committee Meeting, Renewable Energy Technologies Fair Regional Conference and MGMA Training Schools Visit

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA သည် GIZ (Deutsche Gesellshaft für Internationale Zusammenarbeit (GIZ) GmbH နှင့် ပူးပေါင်း၍ Advisory Committee on Asian Dialogue Meeting ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့၊ Lottee Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အထည်ချုပ်လုပ်ငန်းကဏ္ဍ တိုးတက်ရေးအတွက် ရှေ့ဆက်ပူးပေါင်းနိုင်မည့်အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ဧပြီလ ၃ ရက်နေ့တွင် Renewable Energy Technologies Fair ကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပခဲ့ပြီး ညနေပိုင်းတွင် MGMA က Sedona Hotel တွင် ပူးပေါင်းဆောင်ရွက်ကြသည့် အသင်းအဖွဲ့များမှ အဖွဲ့ဝင်များအား ညစာဖြင့် တည့်ခင်းဧည့်ခံခဲ့သည်။ ထို့နောက် ဧပြီလ ၄ ရက်နေ့တွင် Regional Conference ကို ဆက်လက်ပြုလုပ်ပြီး အင်းစိန်မြို့နယ်ရှိ MGMA ၏ သင်တန်းကျောင်းများသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။







## Renewable Energy Solutions for the Garment & Textile Industry in Myanmar (Renewable Energy Technologies Fair)




မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA)၊ Smart Myanmar ၊ GIZ (Deutsche Gesellshaft für Internationale Zusammenarbeit (GIZ) GmbH နှင့် H&M တို့ ပူးပေါင်း၍ Renewable Energy Solutions for the Garment & Textile Industry in Myanmar (Renewable Energy Technologies Fair) အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် Lottee Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး GIZ Bangladesh မှ Textile Cluster Coordinator Mr. Werner Lange က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော ပြည်တွင်းပြည်ပ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ က ၎င်းတို့၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများအကြောင်းကို အသီးသီး ရှင်းလင်းတင်ပြခဲ့ကြသည်။

တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်လျှက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေချိန် တိုးပွားလာသော စက်ရုံအလုပ်ရုံများတွင် လျှပ်စစ်စွမ်းအင် သုံးစွဲမှုလျော့ချပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းသည့် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင် (Renewable Energy) အသုံးပြုနိုင်ရေးမှာ အရေးကြီးသည့် ကိစ္စရပ်တစ်ခု ဖြစ်လာသည်။ ယင်းသို့သော အချိန်တွင် Renewable Energy Solutions for the Garment & Textile Industry in Myanmar အခမ်းအနားသည် MGMA အသင်းဝင် စက်ရုံများ၊ အထည်အလိပ်လုပ်ငန်း စက်ရုံ

များ အနေဖြင့် Renewable Energy ဆိုင်ရာ နည်းပညာများဖြစ်သည့် Solar photovoltaic ၊ Solar thermal ၊ Biomass from rice husks and wood scrap နှင့် Steam condensate recycling စသည့် နည်းပညာများ အကြောင်းကို တစ်ချိန်တည်း တစ်နေရာတည်းတွင် လေ့လာခွင့်ရခဲ့သောပွဲတစ်ခု ဖြစ်ခဲ့သည်။ ထို့ပြင် AYA Bank မှ လည်း ယင်းနည်းပညာသစ်များကို စတင်အကောင်အထည်ဖော်ကြမည့် စက်ရုံများ၏ ငွေကြေးလိုအပ်ချက်ကို ကူညီ ဖြေရှင်းပေးမည့် ဘဏ်ချေးငွေများအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

PRIORITY

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်း

မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေး ဆိုင်ရာ ဥပဒေ ကို ပြည်ထောင်စု လွှတ်တော်က ၂၀၁၉-၀၃-၁၅ ရက် ရက်စွဲဖြင့် အတည်ပြုခဲ့သည်။ သို့သော် ယင်းဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်မည်ဖြစ်သည်။ ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် စာမျက်နှာ တွင် ဖော်ပြထားခြင်းမရှိသေးဘဲ ပြည်ထောင်စုလွှတ်တော် ဝက်ဘ်ဆိုက်စာမျက်နှာတွင်သာ ဖော်ပြထားသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ ကို Download ရယူရန်။

ပြဋ္ဌာန်းလိုက်ပြီဖြစ်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ အရ လုပ်ငန်းရှင်များ သည် မိမိတို့၏ လုပ်ငန်းများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများကို ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းကော်မတီများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများလည်း ခန့်ထားရမည်။ ယင်းကော်မတီဖွဲ့စည်းရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၃ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံရမည်ဖြစ်သည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာဥပဒေသည် အကောင်အထည်ဖော် စည်းကြပ်ရန် နယ်ပယ်ကျယ်ဝန်းပြီး နည်းဥပဒေရေးဆွဲပြဋ္ဌာန်းရန် မလွဲမသွေလိုအပ်သော ဥပဒေမျိုးဖြစ်ကြောင်း ကျွမ်းကျင်သူ များက ပြောဆိုကြသည်။

ထို့ကြောင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာဥပဒေ အာဏာစတင်တည်စေရန် နိုင်ငံတော် သမ္မတမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်မည်ဖြစ်ပြီး အကောင်အထည်ဖော်စည်းကြပ်မှုများ ပြုလုပ်နိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူအင်အား ဝန်ကြီးဌာနမှလည်း နည်းဥပဒေရေးဆွဲထွက်ရှိမည်ဖြစ်သည်။

## သမဂ္ဂနှင့် စက်ရုံများအကြား FoA Guideline ရေးဆွဲခြင်း

၂၀၁၈ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၉ ခုနှစ် အစောပိုင်းကာလများတွင် ဖြစ်ခဲ့သော အလုပ်သမား သပိတ်များမှာ တရားမဝင်အလုပ်ထုတ်မှု၊ သမဂ္ဂဖြိုခွဲမှုတို့ကြောင့်ဖြစ်ပြီး ယင်းကဲ့သို့ တရားမဝင်အလုပ်ထုတ်မှုများမှာ ပို၍ဆိုးလာနေ သည်ဟု မြန်မာနိုင်ငံ၏ အလုပ်သမားအဖွဲ့ချုပ်များက စွပ်စွဲပြောဆိုကြသည်။ ၎င်းအခြေအနေကို တုံ့ပြန်သည့်အနေ ဖြင့် မြန်မာနိုင်ငံ ကုန်ထုတ်နှင့် စက်မှုလက်မှု အလုပ်သမားများ အဖွဲ့ချုပ် (Industrial Workers Federation of Myanmar - IWFM) က H&M, Bestseller နှင့် Tchibo တို့ကဲ့သို့ လုပ်ငန်းအပ်နှံသူ နိုင်ငံတကာ ကုန်အမှတ်

တံဆိတ် ကုမ္ပဏီများနှင့် ပူးပေါင်း၍ ၎င်းတို့ လုပ်ငန်းအပ်နှံထားသော အထည်ချုပ်စက်ရုံများတွင် ကျင့်သုံးရန် ရည်ရွယ်သည့် Guideline on Freedom of Association (FoA Guideline) တစ်ခုကို ရေးဆွဲလျှက် ရှိကြသည်။ လက်ရှိ FoA Guideline ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် MGMA Member အထည်ချုပ်စက်ရုံ ၅ ရုံပါဝင်လျှက်ရှိပြီး IWFM မှ ရေးဆွဲထားသည့် FoA Guideline Draft ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက် နှင့် ၆ ရက်နေ့များတွင် ဆွေးနွေးမည် ဟု သိရသည်။

IWFM သည် အဆိုပါ FoA Guideline ကို အလုပ်ရှင်၊ အလုပ်သမား ဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် ပေါ်ထွက်လာသည့် ရလာဒ်တစ်ခုအဖြစ် Collective Bargaining Agreement (CBA) ကဲ့သို့ ဥပဒေအရ စည်းနှောင်အား ရှိစေရန် ဖန်တီးအကောင်အထည်ဖော်လိမ့်မည်ဖြစ်သည်။ အစပိုင်း စက်ရုံ ၅ ရုံမှတဆင့် နိုင်ငံတကာ ကုန်အမှတ် တံဆိတ် ကုမ္ပဏီများအတွက် အထည်ချုပ်ပေးနေသည့် အခြားစက်ရုံများထံ ကူးစက်ပျံ့နှံ့စေလိမ့်မည်ဖြစ်သည်။

## ACTIVITY

### သင်တန်းကျောင်းများကို အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း MGMA သည် ပညာရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် အစိုးရ စက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝန်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်တွင် အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်းများ၊ MGMA Employers' Package ၏ သင်တန်းများ၊ Social Compliance Training ကဲ့သို့ သီးခြားပြုလုပ်သည့် သင်တန်းများပို့ချပေးလျှက်ရှိသည်။

ထို့အပြင် အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမ၊ အမှတ် 400/B ရှိ မြန်မာ အထည်ချုပ် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (Myanmar Garment Human Resource Development Center - MGHRDC) တွင် လည်း အခြေခံစက်ချုပ်သင်တန်းများ၊ Supervisor သင်တန်းများ ပို့ချပေးလျှက်ရှိသည်။

MGMA သည် ယင်းသင်တန်းကျောင်းများကို Foreign Trade Association of German Retailers (AVE) ၏ အကူအညီဖြင့် အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်လျှက်ရှိသည်။

### MGMA Jobs Opening

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA သည် အထည်ချုပ်ကဏ္ဍတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်လျှက်ရှိရာ ဝန်ထမ်း အင်အားလည်း ပိုမိုလိုအပ်လာပါသည်။ လတ်တလော ခေါ်ယူ ခန့်ထားရန်ရှိသော ရာထူးနေရာများမှာ Communication/Public Relation Officer ၊ Finance Officer/Accountant နှင့် Training Center Director ဖြစ်ပြီး MGMA ၏ ဝက်ဘ်ဆိုက်စာမျက်နှာ https://www.myanmargarments.org/job-opening-from-mgma/ နှင့် http://themimu.info/jobs-for-myanmar-nationals စာမျက်နှာတို့တွင် အသေးစိတ်ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## TRAINING

MGMA Employers' Package ၏ ဝန်ဆောင်မှုများထဲမှ တစ်ခုဖြစ်သည့် သင်တန်းပို့ချခြင်း ဝန်ဆောင်မှုကို Six Months Training Calendar အတိုင်း ဆက်လက်ပြုလုပ်လျှက်ရှိရာ Employment Contract and Workplace Rules နှင့် Payment of Wages, Overtime Calculation and Variable Pay Systems သင်တန်းများကို ၂၀၁၉-၀၃-၁၆ နှင့် ၂၀၁၉-၀၃-၂၃ ရက်နေ့များတွင် အင်းစိန် GTI ကျောင်းဝန်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်၌ ပြုလုပ်ခဲ့သည်။





## UPCOMING EVENTS

### Meeting & Conference

| Sr. | Description | Date | Place |
|---|---|---|---|
| 1. | Garment Sector Initiative Coordination Meeting | 10th May 2019,<br>8:30am to 12:45PM | 1st Floor, Dakkhina Building, Insein GTI |
| 2. | MGMA Annual General Meeting (AGM) | 11th May 2019<br>10:00am to 12:00pm | UMFCCI, Mingalar Hall |
| 3. | 2nd MGMA Members' Day & Buyer Forum<br>MGMA will host the forum in collaboration with Smart Myanmar and AVE | 23-24 May, 2019 | Sedona |

### Training

| Sr. | Title | Date | Place |
|---|---|---|---|
| 1. | Dealing with Absenteeism & Turnover<br>(Service by Employers' Package) | 27 April 2019<br>1:30pm to 4:30pm | 1st Floor, Dakkhina Building, Insein GTI Compound |
| 2. | Social Compliance | 29-30 April 2019 | 1st Floor, Dakkhina Building, Insein GTI Compound |
| 3. | Preparing for Audit<br>(Service by Employers' Package) | 25 May 2019<br>1:30pm to 4:30pm | 1st Floor, Dakkhina Building, Insein GTI Compound |

## NEW MEMBERS IN APRIL 2019

| Number of New Factories in September 2018 | | 0 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| Korea | 2 | 1274 |
| Cambodia | 1 | 200 |
| **TOTAL** | 3 | 1474 |

## MEMBERSHIP UPDATE AS OF 2019-04-30

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 109 | 73341 |
| | Chinese | 202 | 187373 |
| | Korea | 60 | 58225 |
| | Japan | 19 | 54462 |
| | Others | 133 | 68578 |
| Inactive | All | 72 | 0 |
| TOTAL | | 595 | 441979 |